# ထပ်မံအသိပေးကြေညာခြင်း

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများအားလုံးနှင့် တိုင်းဒေသကြီးရုံး(မန္တလေး)ရှိ ခရိုင်ရုံး(မန္တလေးတောင်)နှင့် ခရိုင်ရုံး(မန္တလေးမြောက်)တို့တွင် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်း လုပ်ငန်းဆောင်ရွက်မည့် ပြည်သူများ အဆင်ပြေစေရေးအတွက် Online Booking စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခင်က လစဉ် လ တစ်လ၏ နောက်ဆုံးရုံးဖွင့်ရက် (၂)ရက်ကို Online Booking ရက်ချိန်းရယူရန်မလိုဘဲ လက်ခံဆောင်ရွက်ပေးခဲ့သော်လည်း လက်ရှိအခြေအနေတွင် လူစုလူဝေးကြီးမားစွာ မဖြစ်ပေါ်ရေးအတွက် အဆိုပါရက်များပါ Online Booking ရယူရမည်ဖြစ်ပါကြောင်းကို (၃.၆.၂၀၂၀) ရက်နေ့၌ www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm နှင့်ဌာန facebook RTAD HQ များမှ ကြိုတင်အသိပေးကြေညာထားပြီးဖြစ်ပါသည်။ နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်ပြည်သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှစ၍ လတစ်လ၏ နောက်ဆုံးရုံးဖွင့်ရက်(၂)ရက်ကို Online Booking ရက်ချိန်း ကြိုတင်ရယူရန် လိုအပ်ပါကြောင်းနှင့် ရက်ချိန်းရယူပြီးမှသာ လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန